

Form (5-B)

THE REPUBLIC OF THE UNION OF MYANMAR

Ayeyawady Region Investment Committee

ENDORSEMENT

Endorsement No. AYY- 037/2019 Dated 18th October, 2019

This endorsement is issued by the Ayeyawady Region Investment Committee according to the section 25(d) of the Myanmar Investment Law-

(1) Name of Investor U TIN WIN

(2) Citizenship MYANMAR

(3) Residence Address CORNER OF TA PIN SHWE HTEE STREET AND 9 STREET, THAMINE WARD (1),MAYANGONE TOWNSHIP, YANGON

(4) Name and Address of Principle Organization –

(5) Place of Incorporation –

(6) Type of Business MANUFACTURING OF ANIMAL FEEDS DRYER PLANTS

(7) Place(s) of Investment Project HOLDING NO.12,13/1,13/2,14,17,(0.2 ACRES), KWIN NO.224 A,TAL KONE (A) KWIN,MYINT KYOE VILLAGE TRACT,MYAN AUNG TOWNSHIP, HINTHADA DISTRICT,AYEYAWADY REGION

(8) Amount of Foreign Capital –

(9) Period for Foreign Capital to be brought in –

(10) Total Amount of Capital (Kyat) 1782.000 MILLION (INCLUDING US$ 0.266 MILLION)

(11) Construction Period 1 YEAR

(12) Validity of Endorsement 50 YEARS

(13) Form of Investment WHOLLY MYANMAR OWNED

(14) Name of Company Incorporated in Myanmar KYAR MIN GYI COMPANY LIMITED

(Hla Moe Aung)
Chairman

ARIC



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရေဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ
အတည်ပြုမိန့်

အတည်ပြုမိန့်အမှတ် ရေဝ- ၀၃၇/၂၀၁၉ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁၈ ရက်

ရေဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ-၂၅၊ (ဃ) အရ ဤအတည်ပြုမိန့်ကို ထုတ်ပေးလိုက်သည် –

(၁) **ရင်းနှီးမြှုပ်နှံသူအမည်** ဦးတင်ဝင်း

(၂) **နိုင်ငံသား** မြန်မာ

(၃) **နေရပ်လိပ်စာ** တပင်ရွှေထီးလမ်းနှင့် (၉) လမ်းထောင့်၊ သမိုင်း (၁) ရပ်ကွက်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်

(၄) **ပင်မအဖွဲ့ အစည်းအမည်နှင့် လိပ်စာ** –

(၅) **ဖွဲ့စည်းရာအရပ်** –

(၆) **ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား** တိရစ္ဆာန်အစာခြောက် ထုတ်လုပ်ခြင်းလုပ်ငန်း

(၇) **ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ)** ဦးပိုင်အမှတ် (၁၂၀၃/၁၁၀၃/၂၁၀၄/၁၇) ရှိမြေ (၀.၂) ဧက ၊ ကွင်းအမှတ် ၂၂၄ က ၊ တယ်ကုန်း (က) ကွင်း ၊ မြစ်ကျိုးကျေးရွာအုပ်စု၊ မြန်အောင် မြို့နယ်ဟင်္သာတခရိုင်၊ ရေဝတီတိုင်းဒေသကြီး

(၈) **နိုင်ငံခြားမတည်ငွေရင်း ပမာဏ** –

(၉) **နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ** –

(၁၀) **စုစုပေါင်း မတည်ငွေရင်းပမာဏ(ကျပ်)** ကျပ် ၁၇၈၂.၀၀၀ သန်း (အမေရိကန်ဒေါ်လာ ၁.၂၆၆ သန်းအပါအဝင်)

(၁၁) **တည်ဆောက်မှု/ ပြင်ဆင်မှုကာလ** ၁ နှစ်

(၁၂) **အတည်ပြုမိန့်သက်တမ်း** ၅၀ နှစ်

(၁၃) **ရင်းနှီးမြှုပ်နှံမှုပုံစံ** ရာခိုင်နှုန်းပြည့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု

(၁၄) **မြန်မာနိုင်ငံတွင်ဖွဲ့စည်းမည့်ကုမ္ပဏီအမည်** ကျားမင်းကြီးကုမ္ပဏီလီမိတက်

(လှမိုးအောင်)

ဥက္ကဋ္ဌ

ကန့်သတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရောဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ

OSS စုပေါင်းရုံး၊ မြက်တို၊ ပုသိမ်မြို့

စာအမှတ်၊ ရေက/ အ-၀၄၀/ စက်မှု/၂၀၁၉(၂၅၉-၇)

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် အောက်တိုဘာ လ ၁၈ ရက်

အကြောင်းအရာ။ **Kyar Min Gyi Co., Ltd. (ကျားမင်းကြီးကုမ္ပဏီလီမိတက်) ၏ရခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် တိရစ္ဆာန်အစာခြောက်ထုတ်လုပ်ခြင်း လုပ်ငန်း အတည်ပြုမိန့်အပေါ် ရောဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ဆုံးဖြတ်ချက်**

ရည် ညွှန်း ချက်။ Kyar Min Gyi Co., Ltd. ၏ ၁၆-၉-၂၀၁၉ ရက်စွဲပါ တင်ပြစာ

၁။ **Kyar Min Gyi Co., Ltd. (ကျားမင်းကြီးကုမ္ပဏီလီမိတက်)** ဦးပိုင်အမှတ် (၁၂၁၃/၁၁၃/၂၁၄၁၇)၊ကွင်းအမှတ် ၂၂၄ ကၤတယ်ကုန်း (က) ကွင်း၊မြစ်ကျိုးကျေးရွာအုပ်စု၊ မြန်အောင်မြို့နယ်၊ ဟင်္သာတခရိုင်၊ရောဝတီတိုင်းဒေသကြီးစုစုပေါင်းမြေ (၀.၂)ဧက တွင် ရခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် တိရစ္ဆာန်အစာခြောက် ထုတ်လုပ်ခြင်းလုပ်ငန်း အား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလွှာ တင်ပြခြင်းအား ၂၀၁၉ ခုနှစ် အောက်တိုဘာ လ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရောဝတီ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၆/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ ရောဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေများကို ကျင့်သုံး လျက် **Kyar Min Gyi Co., Ltd. (ကျားမင်းကြီးကုမ္ပဏီလီမိတက်)** အား တိရစ္ဆာန်အစာခြောက် ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အတည်ပြုမိန့်အမှတ်၊ ရော-၀၃၇/၂၀၁၉ ကို ထုတ်ပေးလိုက်သည်။

၂။ **Kyar Min Gyi Co., Ltd. (ကျားမင်းကြီးကုမ္ပဏီလီမိတက်)** အနေဖြင့် ဤအတည်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **Kyar Min Gyi Co., Ltd. (ကျားမင်းကြီးကုမ္ပဏီလီမိတက်)** အနေဖြင့် ဤအတည်ပြုမိန့်အရ တိရစ္ဆာန်အစာခြောက် ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇၇၊ ၇၈ အရ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ပြဋ္ဌာန်းထားသည့် အချက်များ နှင့်အညီ ခံစားခွင့်ပြုနိုင်ရန် လျှောက်ထားနိုင်သည်။

ကန့်သတ်

(ခ) **Kyar Min Gyi Co., Ltd. (ကျားမင်းကြီးကုမ္ပဏီလီမိတက်)** သည် ဤအတည်ပြုမိန့်အရ လုပ်ငန်း ဆောင်ရွက်ရာတွင် မူလအတည်ပြုလျှောက်ထားလွှာ၌ ဖော်ပြထားသည့် **ထုတ်လုပ်မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များအဖြစ်** ထားရှိဆောင်ရွက် အကောင်အထည်ဖော် ရမည်။

(ဂ) **Kyar Min Gyi Co., Ltd. (ကျားမင်းကြီးကုမ္ပဏီလီမိတက်)** အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၆၅ နှင့် နည်းဥပဒေ အခန်း(၂၀) တို့တွင် ပြဋ္ဌာန်းထားသည့် ရင်းနှီးမြှုပ်နှံသူ၏ တာဝန် ဝတ္တရားများ နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဃ) **Kyar Min Gyi Co., Ltd. (ကျားမင်းကြီးကုမ္ပဏီလီမိတက်)** အနေဖြင့် ရင်းနှီးမြှုပ်နှံမှု ပုံစံကို ပြောင်းလဲခြင်းကြောင့် ခွင့်ပြုမိန့်ရယူရန်လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတ်မှတ်ချက်များနှင့် အကျုံးဝင်သွားပါက ယင်းပြောင်းလဲမှု မဆောင်ရွက်မီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၉ အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက် တင်ပြရမည်။

(င) **Kyar Min Gyi Co., Ltd. (ကျားမင်းကြီးကုမ္ပဏီလီမိတက်)** သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထုတ်ပြန်ထားပြီးဖြစ်သော ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ဖော်ပြပါရှိသည့် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(စ) **Kyar Min Gyi Co., Ltd. (ကျားမင်းကြီးကုမ္ပဏီလီမိတက်)** သည် ရင်းနှီးမြှုပ်နှံမှုအား လုပ်ငန်းသက်တမ်း ကာလအတွင်း အခြားပုဂ္ဂိုလ် တစ်ဦးဦးသို့ တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာ လွှဲပြောင်းခြင်း နှင့် လုပ်ငန်းလွှဲပြောင်းခြင်းတို့ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၇၂ နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၁ အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြရမည်။

(ဆ) **Kyar Min Gyi Co., Ltd. (ကျားမင်းကြီးကုမ္ပဏီလီမိတက်)** သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၆ အရ အတည်ပြုမိန့် သို့မဟုတ် သက်သာခွင့်ရရှိထားသော ရင်းနှီးမြှုပ်နှံသူသည် နှစ်စဉ် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် သုံးလအတွင်း သတ်မှတ်ချက်ပါ အသေးစိတ်များပါရှိသည့် နှစ်စဉ် အစီရင်ခံစာအား သတ်မှတ်ပုံစံဖြင့် ကုမ္ပဏီ၏ ဝက်(ဘ်)ဆိုဒ် (သို့မဟုတ်) ကော်မရှင်ရုံး၏ ဝက်(ဘ်) ဆိုဒ်သို့ တင်ပြရမည်။

(ဓ) Kyar Min Gyi Co., Ltd. (ကျားမင်းကြီးကုမ္ပဏီလီမိတက်) သည် မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှု နည်းဥပဒေ ၁၉၇ အရ လုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်း အစီရင်ခံစာကို သုံးလလျှင် တစ်ကြိမ် ကော်မရှင်က သတ်မှတ် တောင်းခံသည့် ပုံစံ ဖြင့် တင်ပြရမည်။

၃။ Kyar Min Gyi Co., Ltd. (ကျားမင်းကြီးကုမ္ပဏီလီမိတက်) သည် အဆိုပြုလုပ်ငန်းဆောင် ရွက်ရာတွင် လုပ်ငန်းသဘာဝအရ ဖြစ်စေ၊ အခြားလိုအပ်ချက်အရဖြစ်စေ သက်ဆိုင်သည့် ပြည် ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန နှင့် အဖွဲ့အစည်းများမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ရယူရန် လိုအပ်လျှင်ဖြစ်စေ၊ သက်ဆိုင်ရာဌာန နှင့် မြေငှားရမ်းခြင်း စာချုပ်ချုပ်ဆိုသည်ဖြစ်စေ၊ မှတ်ပုံတင် ရန် လိုအပ်လျှင်ဖြစ်စေ သက်ဆိုင်ရာ ဌာန၏ သတ်မှတ်ချက်များ နှင့်အညီ ဆောင်ရွက်ပြီး မိတ္တူ(၅) စုံစီအား ကော်မရှင်သို့ ပေးပို့ရမည်။

(လှမိုးအောင်)
ဥက္ကဋ္ဌ

Kyar Min Gyi Co., Ltd. (ကျားမင်းကြီးကုမ္ပဏီလီမိတက်)

ဖြန့်ဝေခြင်း

ပြည်ထဲရေးဝန်ကြီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
စက်မှုဝန်ကြီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန